FMI
PART OF THE YOMA GROUP

First Myanmar Investment Public Company Limited

# (၃၄) ကြိမ်မြောက်
# နှစ်ပတ်လည် အထွေထွေအစည်းအဝေး

# 34TH ANNUAL GENERAL MEETING

SATURDAY
**22 NOVEMBER 2025 • 9:30 AM - 11:30 AM**

Registration: 8:00 AM
စာရင်းသွင်းရန်အချိန် - နံနက် (၈:၀၀) နာရီ

**National Theatre**
Myoma Kyaung Street, Dagon Township, Yangon
အမျိုးသားဇာတ်ရုံ - မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

## ဤစာရွက်စာတမ်းသည် အရေးကြီးစာရွက်စာတမ်းဖြစ်ပြီး ချက်ချင်းအလေးထားဆောင်ရွက်ရန်လိုပါသည်။

လူကြီးမင်းအနေဖြင့် ဤစာရွက်စာတမ်းတွင်ပါဝင်သော အချက်အလက်များ၊ လုပ်ဆောင်ရန်များနှင့် စပ်လျဥ်း၍ အကူအညီလိုအပ်ပါက ရှယ်ယာဝယ်ရောင်းပွဲစား၊ ရှေ့နေ၊ စာရင်းကိုင် (သို့မဟုတ်) အခြား ကျွမ်းကျင်သူပညာရှင် နှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ (၁၄) ရက်နေ့ နှင့် ယခုအကြောင်းကြားစာပါနေ့ရက်ကြားတွင် လူကြီးမင်း၏ First Myanmar Investment Public Company Limited ("ကုမ္ပဏီ") မှ အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခဲ့ပါက ကုမ္ပဏီ နှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အစုရှယ်ယာရှင်များထံသို့ ကုမ္ပဏီ၏အချက်အလက်များ ပိုမိုပြည့်စုံစွာရောက်ရှိရန် ရည်ရွယ်လျက် Electronic Version အဖြစ် နှစ်ပတ်လည်အစီရင်ခံစာ နှင့် အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများ ကို ကုမ္ပဏီ၏ Website https://fmi.com.mm/ သို့မဟုတ် https://ysx-mm.com/ တွင် Download လုပ်၍ ရယူနိုင်ပါသည်။ နှစ်ပတ်လည်အစီရင်ခံစာစာအုပ်ကို ရယူလိုပါက နှစ်ပတ်လည်အထွေထွေ အစည်းအဝေးပွဲတွင် ထုတ်ယူနိုင်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ အစုရှယ်ယာရှင်ကိုယ်တိုင် မတက်ရောက်နိုင်ပါက မိမိ ကိုယ်စားတက်ရောက် မဲပေးနိုင်ရန် "နှစ်ပတ်လည် အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာ" ကိုဖြည့်စွက်၍ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောလိပ်စာသို့ အစည်းအဝေး မကျင်းပမီ (၄၈) နာရီထက်နောက်မကျဘဲ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

## This document is important and requires your immediate attention.

If you are in any doubt about the contents of this document or as to what action you should take, please seek advice from your stockbroker, solicitor, accountant, or other appropriate professional adviser.

If you have sold or otherwise transferred all your shares in First Myanmar Investment Public Company Limited (the "Company") between 14 October 2025 and the date of this notice, please contact the Company to proceed with the necessary procedures.
All electronic versions of the documents relating to the Annual General Meeting ("AGM") can be downloaded from the Company's website, https://fmi.com.mm/ or https://ysx-mm.com/ and if you would like the annual report in paperback format, please collect at the AGM.

If you are unable to attend the AGM, you are encouraged to appoint a proxy to attend and vote on your behalf. Please fill in and send the completed Proxy Form to the registered address of the Company not less than forty-eight (48) hours before the time of the commencements of the AGM.

# မာတိကာ

# Table of Contents


အခမ်းအနား အစီအစဉ် ၂
Agenda 2

(၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအကြောင်းကြားစာ ၃
Notice of 34th Annual General Meeting 13

နှစ်ပတ်လည်အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ ၆
Proxy form for Annual General Meeting 6

ဆွေးနွေးမေးမြန်းအကြံပြုလွှာ ၈
Recommendation Letter 8

သတိပြုရမည့်အချက်များ ၁၅
Important Notes 15

ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ခြင်းနှင့် ခန့်အပ်ခြင်း ၁၆
Election and Appointment of New Directors 16

နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးရန် လမ်းညွှန်ချက်များ ၁၇
Voting Guidelines for 34th Annual General Meeting 17

နှစ်ပတ်လည် အထွေထွေအစည်းအဝေးတက်ရောက်ခွင့်ပုံစံ ပူးတွဲပါ
Attendance Form for AGM Attached in Print

# အခမ်းအနားအစီအစဉ်

# Agenda

**AGENDA 1:** အစည်းအဝေးစတင်ကြောင်းကြေညာခြင်း
Commencement of the AGM

**AGENDA 2:** ဒါရိုက်တာအဖွဲ့ဝင်များအား မိတ်ဆက်ပေးခြင်း
Introduction of the Board of Directors

**AGENDA 3:** အစည်းအဝေးသဘာပတိက အဖွင့်အမှာစကားပြောကြားခြင်း
Call to Order and Opening Remarks by Chairman of the AGM

**AGENDA 4:** အမှုဆောင်အရာရှိချုပ်က လုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြခြင်း
Chief Executive Officer's Report on Business Operations

**AGENDA 5:** အမေးအဖြေကဏ္ဍ
Q&A Session

**AGENDA 6:** အစည်းအဝေးသဘာပတိမှ အဆိုပြုထားသော ဆုံးဖြတ်ချက်များအားတင်ပြခြင်း နှင့် ဆုံးဖြတ်ချက်များ၏ မဲရလဒ်များကို ကြေညာခြင်း
Announcement of the Proposed Resolutions and Voting Results by Chairman of the AGM

**AGENDA 7:** နိဂုံးချုပ်စကားပြောကြားခြင်းနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာကျင်းပပြီးဆုံးကြောင်း ကြေညာခြင်း
Closing Address and Declaration of the Successful Conclusion of the AGM

## (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အကြောင်းကြားစာ

စာအမှတ်။ AC-02/2001 (276/2025)
ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်

First Myanmar Investment Public Company Limited ၏ (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အမျိုးသားဇာတ်ရုံ(ရန်ကုန်) ၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ စနေနေ့၊ နံနက် (၀၉:၃၀) နာရီ အချိန်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည် ဖြစ်ပါသည်။

အောက်ပါဆုံးဖြတ်ချက်များ၏ သင့်တင့်လျောက်ပတ်မှုကို သုံးသပ်၍ ဆုံးဖြတ်ချက်စာသားများအား လိုအပ်ပါက ပြုပြင်ပြောင်းလဲ၍ဖြစ်စေ၊ ပြင်ဆင်ရန်မလိုအပ်ပါက အဆိုပြုထားသည့်အတိုင်းဖြစ်စေ ဆုံးဖြတ်ချက်များ ချမှတ် ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်း၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်၏ အစီရင်ခံစာကို အတည်ပြုရန်။

(မှတ်ချက်။ ဤအဆိုပြုဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည့်နေ့ ရက်မတိုင်ခင် ထုတ်ပြန်ရန်ရှိသည့် နှစ်ချုပ်စာရင်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ပြင်ပစာရင်းစစ်၏ အစီရင်ခံစာ တို့နှင့် တွဲဖက်လေ့လာသုံးသပ်ရန် ဖြစ်ပါသည်။)

၂။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦး ဖြစ်သော ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။

(မှတ်ချက်။ ပါမောက္ခဒေါက်တာအောင်ထွန်းသက်အား ပြန်လည်ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ အလုပ် အမှုဆောင်မဟုတ်သောဒါရိုက်တာ ဖြစ်ပါမည်။)

၃။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦး ဖြစ်သော ဦးထွန်းထွန်းကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။

(မှတ်ချက်။ ဦးထွန်းထွန်းအား ပြန်လည်ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ အလုပ်အမှုဆောင်ဒါရိုက်တာ ဖြစ်ပါမည်။)

၄။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဒေါက်တာဇော်ဝင်းစန္ဒီအား ကုမ္ပဏီဒါရိုက်တာအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။

(မှတ်ချက်။ ဒေါက်တာဇော်ဝင်းစန္ဒီအား ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ အလုပ်အမှုဆောင်ဒါရိုက်တာ ဖြစ်ပါမည်။)

၅။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဦးတင်ထွဋ်ဦးအား ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။

(မှတ်ချက်။ ဦးတင်ထွဋ်ဦးအား ခန့်အပ်ချိန်တွင် ကုမ္ပဏီ၏ အလုပ်အမှုဆောင်မဟုတ်သည့်ဒါရိုက်တာ ဖြစ်ပါမည်။)

၆။ Excellent Choice Professional Limited (associated with CLA Global TS Public Accounting Corporation, Singapore) အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်အဖြစ် ခန့်အပ်ရန်နှင့် ၎င်း၏ လုပ်အားခနှင့် အကျိုးခံစားခွင့်များကို သတ်မှတ်ရန် အတွက် ကုမ္ပဏီ၏ ဒါရိုက်တာများအား အခွင့်အာဏာပေးရန်။

၇။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၃.၁ အရ ကုမ္ပဏီ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေအား ဖန်တီးရာတွင် အစုရှယ်ယာများ ထုတ်ဝေရန် သို့မဟုတ် အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော အခြားသောဘဏ္ဍာရေးဆိုင်ရာ သက်သေခံလက်မှတ်များကို ပြောင်းလဲ၍ရသော ချေးငွေသဘောတူညီချက်ပါ အချက်အလက်များနှင့်ကိုက်ညီပါက ထုတ်ဝေရန် အခွင့်အာဏာရရှိမည် ဖြစ်သည်။

(က) ဆုံးဖြတ်ချက် (၇) အတည်ပြုသည့်အချိန်တွင်ရှိသည့် ကုမ္ပဏီမှထုတ်ဝေထားသော မတည်ရင်းနှီးငွေ (အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော သက်သေခံလက်မှတ်များအပါအဝင်) စုစုပေါင်း ရှယ်ယာအရေအတွက်၏ (၈၅%) အထိ အစုရှယ်ယာရှင်များထံသို့ အချိုးကျထုတ်ဝေရန်၊ ယင်းကဲ့သို့ ထုတ်ဝေရာတွင် အစုရှယ်ယာရှင်မဟုတ်သူများထံ ထုတ်ဝေရန်ဖြစ်ပါက ပိုင်ဆိုင်မှုအချိုး (၃၅%) ထက်မပိုသော အရေအတွက်သာထုတ်ဝေရန်။

(ခ) ဤဆုံးဖြတ်ချက်မှ အပ်နှင်းထားသည့် အခွင့်အာဏာသည် ကုမ္ပဏီ၏ နောက်လာမည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ပြီးဆုံးချိန်အထိ အာဏာသက်ရောက်မှုရှိစေရန်။

(မှတ်ချက်။ အထက်တွင် အဆိုပြုထားသော ဆုံးဖြတ်ချက် (၇) အား လက်ခံခဲ့လျှင် အထက်ဖော်ပြပါ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပသည့်နေ့မှစ၍ လာမည့်နှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအထိ ဒါရိုက်တာများအား ကုမ္ပဏီ၏မတည်ရင်းနှီးငွေ အစုရှယ်ယာများထုတ်ဝေရန်၊ အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော သက်သေခံလက်မှတ်များ ထုတ်ဝေရန်နှင့် အစုရှယ်ယာရှင်များထံမှ ထပ်မံခွင့်ပြုချက်ရယူရန်မလိုဘဲ ယင်းကဲ့သို့ အစုရှယ်ယာအဖြစ် ပြောင်းလဲနိုင်သော သက်သေခံလက်မှတ်များ (စုစုပေါင်းရှယ်ယာ အရေအတွက်၏ (၈၅%) အထိ အစုရှယ်ယာရှင်များထံသို့ အချိုးကျထုတ်ဝေရန်၊ ယင်းကဲ့သို့ ထုတ်ဝေရာတွင် အစုရှယ်ယာရှင်မဟုတ်သူများထံ ထုတ်ဝေရန် ဖြစ်ပါက ပိုင်ဆိုင်မှုအချိုး (၃၅%) ထက်မပိုသော အရေအတွက်သာထုတ်ဝေရန်) စသဖြင့် ထုတ်ဝေမှုအခွင့်အာဏာကို အပ်နှံမည် ဖြစ်သည်။)

ဦးထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်

ခေါက်ရန်

# နှစ်ပတ်လည်အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ

FIRST MYANMAR INVESTMENT PUBLIC CO., LTD.
Listed on the Yangon Stock Exchange
Company Registration No. 121398001|YSX Code 00001

တံဆိပ်ခေါင်း

FIRST MYANMAR INVESTMENT PUBLIC CO., LTD.
Listed on the Yangon Stock Exchange
Company Registration No. 121398001|YSX Code 00001

## နှစ်ပတ်လည်အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ

## Proxy form for Annual General Meeting

First Myanmar Investment Public Company Limited ၏ အစုရှယ်ယာရှင်တစ်ဦးဖြစ်သူ ကျွန်ုပ် .................................၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ..............................၊ သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်၊ စနေနေ့၊ နံနက် (၉း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်မည့် First Myanmar Investment Public Company Limited ၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် မဲဆန္ဒပေးခွင့်ရှိသူ၊ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူအဖြစ် အောက်တွင်ဖော်ပြထားသောပုဂ္ဂိုလ်အား ရွေးချယ်ခန့်အပ်ပါသည်။

* ကျေးဇူးပြု၍ အကွက်အတွင်း အမှန်ခြစ် ☑ လုပ်ပါ။

* အောက်ပါ ပုဂ္ဂိုလ်(၃)ဦးအနက်မှ (၁)ဦး (သို့မဟုတ်) အခြားပုဂ္ဂိုလ်အား ရွေးချယ်ခွင့်ရှိသည်။

☐ ဦးသန်းအောင်
Non-Executive Vice Chairman

☐ ဦးထွန်းထွန်း
Chief Executive Officer & Executive Director

☐ ဦးကြည်အေး
Non-Executive Director

☐ အခြားပုဂ္ဂိုလ် အမည် ..............................၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ........................................၊

ရှယ်ယာရှင်များ၏ မဲဆန္ဒပေးရန် အောက်ပါဆုံးဖြတ်ချက်များကို အမှန်ခြစ် ☑ လုပ်ပါ။

* ဆုံးဖြတ်ချက် တစ်ခုထက်ပို၍ အမှန်ခြစ်ပါက မဲမှုပယ်ဖျက်ခြင်း ခံရမည်ဖြစ်သည်။

ခေါက်ရန်

# နှစ်ပတ်လည်အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ

FMI
PART OF THE YOMA GROUP

**FIRST MYANMAR INVESTMENT PUBLIC CO., LTD.**
Listed on the Yangon Stock Exchange
Company Registration No. 121398001|YSX Code 00001

တံဆိပ်ခေါင်း

## ဆွေးနွေး၊ မေးမြန်း၊ အကြံပြုလွှာ

## Recommendation Letter

နှစ်ပတ်လည်အထွေထွေအစည်းအဝေးမတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည် မေးမြန်းလိုသည့်အချက်များရှိပါက ဤစာရွက်တွင်ရေးသား၍ ၁၉-၁၁-၂၀၂၅ ရက်နောက်ဆုံးထား၍ FMI သို့ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| အမည် | - |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | - |
| အစုရှယ်ယာပေါင်း | - |
| နေရပ်လိပ်စာ | - |

ရက်စွဲ - ၂၀၂၅ ခုနှစ်၊ လ ( ) ရက်။

---

ဆွေးနွေး / မေးမြန်း / အကြံပြုချက်များ

---

* ဤ ဆွေးနွေး၊ မေးမြန်း၊ အကြံပြုလွှာကို ဖြည့်စွက်၍ ကုမ္ပဏီ၏မှတ်ပုံတင်ထားသောလိပ်စာသို့ အစည်းအဝေးမကျင်းပမီ (၄၈)နာရီထက်နောက်မကျဘဲ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

သည် ကမ်းပက်စ်
အမှတ် (၁)၊ ရုံးများရိပ်သာဝင်း
ကုက္ကိုရိပ်သာလမ်း၊ ပန်းလှိုင်အိမ်ရာ
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၁၁၄၀၁

ခေါက်ရန်

| | ဆုံးဖြတ်ချက် | ထောက်ခံ | ကန့်ကွက် |
|---|---|---|---|
| ၁။ | ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်း၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်၏ အစီရင်ခံစာကို အတည်ပြုရန်။ | | |
| ၂။ | ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်သော ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။ | | |
| ၃။ | ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်သော ဦးထွန်းထွန်းကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။ | | |
| ၄။ | ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဒေါက်တာဇော်ဝင်းစန္ဒီအား ကုမ္ပဏီဒါရိုက်တာအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။ | | |
| ၅။ | ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဦးတင်ထွဋ်ဦးအား ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။ | | |
| ၆။ | Excellent Choice Professional Limited (associated with CLA Global TS Public Accounting Corporation, Singapore) အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်အဖြစ် ခန့်အပ်ရန်နှင့် ၎င်း၏ လုပ်အားခနှင့် အကျိုးခံစားခွင့်များကို သတ်မှတ်ရန် အတွက် ကုမ္ပဏီ၏ ဒါရိုက်တာများအား အခွင့်အာဏာပေးရန်။ | | |
| ၇။ | ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၃.၁ အရ အစုရှယ်ယာအသစ်များ ထုတ်ဝေရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းအား အတည်ပြုရန်။ | | |

ရက်စွဲ ______________________________

| အစုရှယ်ယာပေါင်း |
|---|
| |

လက်မှတ် _________________________

မှတ်ချက်

၁။ အစည်းအဝေးသို့ တက်ရောက်မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စား တက်ရောက်မဲပေးခွင့်ရှိသည်။

၂။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန် မလိုပါ။

၃။ အမည်ပူးတွဲ မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များအနေနှင့် ရှေ့တွင်ဖော်ပြထားသော အစုရှယ်ယာရှင်၏မဲသာလျှင် အတည်ဖြစ်သည်။

၄။ ဤကိုယ်စားလှယ်လွှဲစာကို ဖြည့်စွက်၍ ကုမ္ပဏီ၏မှတ်ပုံတင်ထားသောလိပ်စာသို့ အစည်းအဝေး မကျင်းပမီ (၄၈)နာရီထက် နောက်မကျဘဲ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

၅။ ကိုယ်စားလှယ်လွှဲစာဖြည့်စွက်လက်မှတ်ထိုးထားခြင်းမရှိဘဲ အစုရှယ်ယာရှင်ကိုယ်စားပြု မဲပေးခွင့် လုံးဝ (လုံးဝ) မရှိပါ။

သည် ကမ်းပက်စ်
အမှတ် (၁)၊ ရုံးများရိပ်သာဝင်း
ကုက္ကိုရိပ်သာလမ်း၊ ပန်းလှိုင်အိမ်ရာ
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၁၁၄၀၁

ခေါက်ရန်

## NOTICE OF 34TH ANNUAL GENERAL MEETING

NOTICE IS HEREBY GIVEN THAT the 34th Annual General Meeting of First Myanmar Investment Public Company Limited ("Company") will be held at National Theatre (Yangon) on Saturday, 22 November 2025 at 9:30 a.m. (Myanmar Time) ("AGM") to transact the following businesses:-

To consider and if thought fit, to pass the following resolutions as ordinary resolutions, with or without any modifications:

1. To receive and adopt the Company's annual financial report, directors' report and auditor's report for the financial year ended 31 March 2025.

   (Explanatory Note: This resolution shall be considered in conjunction with the Company's annual financial report, directors' report and auditor's report for the financial year ended 31 March 2025.)

   **(Resolution 1)**

2. To re-elect Prof. Dr. Aung Tun Thet as a Director of the Company, who is retiring pursuant to Clause 16.14 of the Constitution of the Company, and who being eligible, will offer himself for re-election.

   (Explanatory Note: Prof. Dr. Aung Tun Thet, upon re-election, will be considered an Independent Non-Executive Director of the Company.)

   **(Resolution 2)**

3. To re-elect U Tun Tun as a Director of the Company, who is retiring pursuant to Clause 16.14 of the Constitution of the Company, and who being eligible, will offer himself for re-election.

   (Explanatory Note: U Tun Tun, upon re-election, will be considered an Executive Director of the Company.)

   **(Resolution 3)**

4. To appoint Dr. Zaw Win Sandy as a Director of the Company pursuant to Clause 16.7 of the Constitution of the Company.

   (Explanatory Note: Dr. Zaw Win Sandy, upon appointment, will be considered a Non-Independent Executive Director of the Company.)

   **(Resolution 4)**

5. To appoint U Tin Htut Oo as Chairman of the Company pursuant to Clause 16.7 of the Constitution of the Company.

   (Explanatory Note: U Tin Htut Oo, upon appointment, will be considered Non-Executive Director of the Company.)

   **(Resolution 5)**

6. To re-appoint Excellent Choice Professional Limited (associated with CLA Global TS Public Accounting Corporation, Singapore), as the auditor for the financial year ending 31 March 2026 and to authorise the Directors of the Company to determine the remuneration fees.

**(Resolution 6)**

7. That pursuant to Clause 3.1 of the Constitution of the Company, the Directors of the Company be and are hereby authorised to cause the implementation of the issuance of ordinary shares (“Shares”) or other instruments convertible into Shares during the continuance of this authority or thereafter, at any time and upon such terms and conditions and for such purposes and to such persons as the Directors may in their absolute discretion deem fit, provided that:

    a. the aggregate number of Shares to be issued pursuant to this Ordinary Resolution 6 does not exceed eighty-five per cent (85%) of the total number of issued Shares at the time this Ordinary Resolution 7 is passed (“Issued Shares”), and provided that the aggregate number of Shares to be issued other than on a pro-rata basis to shareholders of the Company (including Shares to be issued in pursuance of convertible securities made or granted pursuant to this Resolution) does not exceed thirty-five per cent (35%) of the total number of Issued Shares; and
    b. the authority conferred by this Ordinary Resolution 7 shall continue in force until the earlier of (i) the conclusion of the next annual general meeting of the Company, or (ii) the date by which the next annual general meeting of the Company is required by law to be held.

    (Explanatory Note: Ordinary Resolution 7 proposed above, if passed, will empower the Directors of the Company, from the date of the AGM until the next annual general meeting, to issue shares in the capital of the Company and to make or grant convertible securities, and to issue shares in pursuance of such convertible securities, without seeking any further approval from shareholders in a general meeting, up to a number not exceeding eighty-five per cent (85%) of the total number of Issued Shares of which up to thirty-five per cent (35%) of the total number of Issued Shares may be issued other than on a pro rata basis to shareholders.)

**(Resolution 7)**

BY ORDER OF THE BOARD

Tun Tun
Chief Executive Officer
24 October 2025

## သတိပြုရမည့်အချက်များ

၁။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စားတက်ရောက်မဲပေးခွင့်ရှိသည်။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန်မလိုပါ။

၂။ ကိုယ်စားလှယ်ခန့်အပ်ခြင်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အတည်ဖြစ်စေရန် စာမျက်နှာ (၆) တွင် ပါဝင်သော ကိုယ်စားလှယ်လွှဲစာကို ဖြည့်စွက်လက်မှတ်ထိုး၍ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောလိပ်စာသို့ နှစ်ပတ်လည်အထွေထွေအစည်းအဝေးမကျင်းပမီ (၄၈) နာရီထပ်နောက်မကျဘဲ (က) ရုံးသို့၊ (ခ) ကုမ္ပဏီက အခါအားလျော်စွာထုတ်ပြန်ထားသော အစည်းအဝေးအကြောင်းကြားစာများတွင် ဖော်ပြထားသော အခြားနည်းလမ်းတစ်ခုခု သို့မဟုတ် ဥပဒေကခွင့်ပြုထားသော နည်းလမ်းများဖြင့် ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

၃။ ကိုယ်စားလှယ်လွှဲစာဖြည့်စွက်လက်မှတ်ထိုးထားခြင်းမရှိဘဲ အစုရှယ်ယာရှင်ကိုယ်စားပြု မဲပေးခွင့် လုံးဝ (လုံးဝ) မရှိပါ။

၄။ မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များနှင့် ရှေ့တွင်ဖော်ပြထားသော အစုရှယ်ယာရှင်၏ ကိုယ်စားလှယ်လွှဲထား သူများ၏ မဲသာလျှင် အပြီးသတ် အတည်ဖြစ်သည်။

၅။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပုဒ်မ ၁၆.၄ အရ ယခုနှစ်တွင် နုတ်ထွက်ပေးရန် အလှည့်ကျသည့် ဒါရိုက်တာများမှာ (က) ပါမောက္ခဒေါက်တာအောင်ထွန်းသက် နှင့် (ခ) ဦးထွန်းထွန်း တို့ဖြစ်ပါသည်။ နုတ်ထွက်ပေးရသည့် ဒါရိုက်တာများသည် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင် ပြန်လည်ရွေးချယ်ခံခွင့်ရှိပါသည်။

၆။ ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာအဖြစ် ဒေါက်တာဇော်ဝင်းစန္ဒီအား ခန့်အပ်ခြင်းဖြစ်ပါသည်။

၇။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဦးတင်ထွဋ်ဦးအား ခန့်အပ်ခြင်းဖြစ်ပါသည်။

## Important Notes

1. A shareholder entitled to attend and vote at the AGM may appoint a proxy to attend, speak and vote on his/her behalf. A proxy needs not be a shareholder of the Company.
2. To be effective according to the rules and regulations of the proxy appointment, the Proxy Form attached as page number (6) must be completed, signed and sent to the registered address of the Company not less than forty-eight hours before the commencement of the AGM, delivered to (a) the Office; or (b) by any other means specified in the notice of meeting specified by the Company from time to time or otherwise permissible under applicable law.
3. Without a duly completed and signed proxy form, there is absolutely no right (none at all) to vote on behalf of a shareholder.
4. The votes of the registered shareholders and aforementioned proxies will be final and conclusive.
5. Pursuant to Clause 16.14 of the Constitution, the Directors required to retire by rotation for this year are Prof. Dr. Aung Tun Thet and U Tun Tun. The retiring Directors are eligible for re-election by the Company at the AGM.
6. Dr. Zaw Win Sandy is to be appointed as an Executive Director of the Board of the Company pursuant to Clause 16.7 of the Constitution.
7. U Tin Htut Oo is to be appointed as Chairman of the Board of the Company pursuant to Clause 16.7 of the Constitution of the Company.

## ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ခြင်း နှင့် ခန့်အပ်ခြင်း

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတိုင်းတွင် ဒါရိုက်တာများ၏ သုံးပုံတစ်ပုံ (သို့) သုံးပုံတစ်ပုံနှင့် အနီးစပ်ဆုံးဖြစ်သည့် ဒါရိုက်တာများအရေအတွက်သည် နုတ်ထွက်ပေးရမည်ဖြစ်သည်။ ဒါရိုက်တာအားလုံးသည် အနည်းဆုံး(၃)နှစ်လျှင် တစ်ကြိမ် နုတ်ထွက်ရမည်ဖြစ်သည်။

ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စည်းမျဉ်းစည်းကမ်းများအရ ဒါရိုက်တာအဖွဲ့ဝင်ခန့်အပ်ရာတွင် Nominating Committee ၏ အရည်အချင်းစိစစ်သတ်မှတ်ခြင်းကို ခံယူရန်လိုအပ်ပါသည်။ ယခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင် (၂) ဦးဖြစ်သည့် (၁) ပါမောက္ခဒေါက်တာ အောင်ထွန်းသက် နှင့် (၂) ဦးထွန်းထွန်း တို့သည် သင်းဖွဲ့စည်းမျဉ်းအရ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အလှည့်ကျနုတ်ထွက်ပေးရမည့်သူများဖြစ်ပါသည်။

Nominating Committee သည် နုတ်ထွက်သွားမည့် ဒါရိုက်တာ (၂) ဦးအား အရည်အချင်းစိစစ်ပြီး ပြန်လည်ရွေးချယ်ခံရန် ခွင့်ပြုထားပါသည်။

ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးချယ်ခံလိုပါက အဆိုပြုလွှာ (proposal form) ကို ကုမ္ပဏီ၏ Website https://fmi.com.mm/ တွင် Download လုပ်၍ ရယူနိုင်ပါသည်။ ယင်းအဆိုပြုလွှာအား ဖြည့်စွက်ပြီး Nominating Committee သို့လိပ်မူပြီး ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လိပ်စာသို့လည်းကောင်း၊ info-fmi@yoma.com.mm ထံသို့လည်းကောင်း ပေးပို့နိုင်ပါသည်။

## Election and appointment of new Directors

As per the Company's Constitution, at every Annual General Meeting of the Company, one-third of the Directors for the time being or, if their number is not three or a multiple of three, then the number nearest to one-third shall retire from office by rotation, provided always that all Directors shall retire from office at least once in every three (3) years.

In the interest of good corporate governance, the appointment of directors should be subject to the recommendation of the Nominating Committee. The Directors to retire by rotation for this year are:

1. Prof. Dr. Aung Tun Thet
2. U Tun Tun

The Nominating Committee has considered the merits of the two Directors who are retiring and has resolved to recommend their re-election.

If you would like to be considered for appointment as a Director, you may download the proposal form from the Company's website at https://fmi.com.mm/. Once the form has been completed, please address it to the Nominating Committee and submit it either to the Company's registered address or to info-fmi@yoma.com.mm.

## နှစ်ပတ်လည် အထွေထွေအစည်းအဝေးတက်ရောက်နိုင်မည့် လမ်းညွှန်ချက်များ

(၃၄) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား ပါဝင်တက်ရောက်သည့် အစုရှယ်ယာရှင်များသည် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များအတိုင်း မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်ပါသည်။

| | လုပ်ငန်းစဉ် | လုပ်ဆောင်ရမည့်အချက်များ |
|---|---|---|
| က။ | အစုရှယ်ယာရှင် တစ်ဦးအဖြစ် မှတ်ပုံတင်သွင်းပါ။ | • အစည်းအဝေးကျင်းပမည့်နေရာသို့ ရောက်ရှိပါက အစုရှယ်ယာရှင် အဖြစ် မှတ်ပုံတင်သွင်းနိုင်မည့် ကောင်တာသို့သွားပါ။<br>• မိုဘိုင်းဖုန်းကို အသုံးပြု၍ QR code အား scan ဖတ်ပြီး http://agm.fmi.com.mm အင်တာနက်လင့်ခ်ထဲသို့ ဝင်ရောက်ပါ။<br>• လူပုဂ္ဂိုလ်ရှယ်ယာရှင်ဖြစ်ပါက အမည်နှင့် မှတ်ပုံတင်အမှတ်ကို အသုံးပြု၍ login ပြုလုပ်ပါ။<br>• ကုမ္ပဏီရှယ်ယာရှင်ဖြစ်ပါက ကုမ္ပဏီအမည်နှင့် ကုမ္ပဏီမှတ်ပုံတင်အမှတ်ကို အသုံးပြု၍ login ပြုလုပ်ပါ။<br>• ဆက်သွယ်စိစစ်ရန် မိုဘိုင်းဖုန်းနံပါတ်ကို ဖြည့်စွက်ပါ။<br>• Password ကို ဖန်တီးပါ။ |
| ခ။ | အစုရှယ်ယာရှင်များ မဲပေးခြင်း | • မဲပေးမှုကို အစည်းအဝေးကျင်းပမည့်နေ့ နံနက် (၈:၀၀) နာရီ မှစတင်ပြီး အခမ်းအနားအစီအစဉ် (၆) အရ အစည်းအဝေး သဘာပတိမှ အဆိုပြုထားသော ဆုံးဖြတ်ချက်များအားလုံး တင်ပြပြီးသည့်အချိန်အထိ ပြုလုပ်နိုင်ပါသည်။<br>• ဆုံးဖြတ်ချက်များကို ထောက်ခံ (သို့) ကန့်ကွက် ရွေးချယ်၍ ဆန္ဒမဲပေးနိုင်ပါသည်။ |

## Guidelines for Participation in Annual General Meeting

Shareholders who attend the 34th Annual General Meeting are obliged to carry out the following essential procedures.

| | Procedure | Action |
|---|---|---|
| a. | Register as a shareholder | • Upon arrival at the meeting venue, please proceed to the registration counter to register your attendance as a shareholder.<br>• Use your mobile phone to scan the QR code and access the website: http://agm.fmi.com.mm.<br>• For Individual shareholders, log in with your name and National Registration Card ("NRC").<br>• For corporate shareholders, log in with your Company Name and Company Registration Number ("CRN").<br>• Add mobile phone number to contact/verify.<br>• Set up your password ("Password"). |
| b. | Shareholders Voting | • Voting commences at 8:00 a.m. on the day of the meeting and remain open until Chairman of the AGM has presented all proposed resolutions under Agenda Item (6).<br>• For each resolution, you may cast your vote by choosing to be 'In Favour ' or 'Against'. |

## စုံစမ်းမေးမြန်းရန်

မေးမြန်းလိုသည်များရှိပါက တနင်္လာနေ့မှ သောကြာနေ့အတွင်း
နံနက် (၉း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ အထိ (အများပြည်သူ ရုံးပိတ်ရက်များမပါ)
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့ မတိုင်မီ ကုမ္ပဏီထံသို့ ဆက်သွယ်နိုင်ပါသည်။

## Enquiry

Enquiry If you have any enquiries on the above, please contact us during office hours on Mondays to Fridays from 9:00 a.m. to 4:00 p.m. (except on public holidays) before 21 November 2025.


The Campus, 1 Office Park, Rain Tree Drive,
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar

+95 1 3687 766 (Ext 8381)

www.fmi.com.mm
info-fmi@yoma.com.mm